🤍Victo Ria❤️

♥2022.5.4♥
ဒီနေ့ညနေ ငါတစ်ရောက်ထဲသီချင်းနားထောင်ရင်း ဒီဇင်ဘာလင်းနစ် သီချင်းဖွင့်မိတော့
အဲ့သီချင်းနားထောင်ရင်း ညတစ်နာရီချိန်ထိအိပ်မရဘဲသူ့အကြောင်းတေတွေးနေမိတယ်
ငါသူ့ကိုချစ်ရဲ့သားနဲ့ ဘာဖြစ်လို့မချစ်ချင်ရောင်ဆောင်နေရတာလည်းငါ့အကြောင်းငါပြန်တွေးရင်း ။

♥2022.8.1♥
အနီသင်းနဲ့အပြာသင်းဆဘာလုံးကန်တယ် အပြာသင်းနိုင်တယ် ညရောက်တော့ သူငါ့ကိုပြောတယ်
ငါ့တို့အစိမ်းသင်းအားမပေးတော့ဘူးတဲ့ သူ့ကောင်လေးအသင်းဘဲအားပေးတော့မယ် ပြောတယ်
သူ့ကောင်လေးဘယ်သူလည်းငါမေးတော့လည်း သူမပြောပြပါဘူး သူငါ့ကိုပြောတယ်
မင်းနဲ့ဘာဆိုင်လယ်ငါ့ဘာသာငါ cress တာ အဲ့လိုပြောပီးသူ ငါနဲ့စာမပို့တော့ဘူး ။

♥2022.8.2♥
အစိမ်းသင်းဆုံးတဲ့နေ့ ရောက်တော့သူလိုင်းတက်လာတယ် သူငါနဲ့စာနန်နဲပို့ဖြစ်တယ်
ပီးတော့သူငါ့ကိုဘလော့သွားတယ် အဲ့ဒီည ငါအိပ်လို့မပျော်
ငါထင်တော့ငါစိတ်မကောင်းဖိနေလို့ဖိမယ်။

♥2022.8.3♥ ညနေခြောက်နာရီဘုရားကျောင်းသွားတယ် သူသီချင်းဆိုတယ်
ငါသီချင်းအလွတ်မရတာနဲ့ သူ့ကိုထိုင်ကြည့်နေလိုက်တယ် သူသီချင်းဆိုရင်
သူငါ့ကိုတွေ့တော့သူရှက်သွားတာလားမသိ သူရီပီးတော့ ခုံဘေးမာခနပုန်းနေလိုက်တယ်
သူပုံဆံကအရမ်းချိဖ့်ကောင်းတယ် သူ့ရီတာကိုကြည့်ပီး စိတ်ထဲမာအရမ်းပျော်လာတယ်
စိတ်မကောင်းဖိတာတွေပါအကုန်ပြောက်လို့ သူ့အကြောင်းတေပြန်တွေးလိုက်တိုင်း တစ်ရောက်ထဲ
စိတ်ထဲမာအေးချမ်းသွားတယ် ။

♥2022.8.5♥
ဒီနေ့ကျောင်းမာဆရာဆရာမတေမအားတာနဲ့ ညနေပိုင်း စာမသင်ဖြစ်ဘူး
ညရောက်တော့ဘုရားကျောင်းမာသီချင်းသွားကျင့်တယ် သူမလာဘူး သူ့ကိုသတိရတယ်ကွာ
သူမလာတဲ့နေ့တေဆို သူငယ်ချင်းတေအနားမာအများကြီးရှိနေရင်တောင်
ငါတစ်ရောက်ထဲဘဲရှိနေသလိုအရမ်းစိတ်ဆင်းရဲတယ် သူ့ကိုတစ်အားလွမ်းတယ်
သူ့ရောက်လာမဲ့အချိန်ကိုဘဲမျော်နေမိတယ် သူမရှိရင်လုံးဝမပျော်နိုင်လို့။

♥2022.8.6♥
ဒီနေ့သူ့အစ်မကျောင်းမလာ ကျောင်းနောက်မာသူနဲ့သူ့ခွမူးနစ်ရောက်ပြန်လာ
ကတင်းပေါက်ရှေ့ကနေငါထိုင်နေတာနဲ့ သူ့ကိုကြည့်နေနေတယ် သူကတော့စိတ်ဆိုးနေတဲ့ပုံပါဘဲ
ဘော်လုံးပွဲကြည့်ရင်း မိုးရွာတော့ ဆရာ့အဆောင်မာငါပြန်နေလိုက်တယ်
သူနဲ့သူ့သူငယ်ချင်းသုံးရောက်ထီးတစ်လက်နဲ့ ဘော်လုံးပွဲထိုင်ကြည့်နေတယ်
ကြည့်ရင်းနဲ့မတော်တစ်စဆဘော်လုံးသူ့ကိုလာထိတယ် နဲနဲနာသွားတယ်ထင်တယ်
ညကျသီချင်းသွားကျင့်တာ သူလာတယ် တွေ့ရတာဝမ်းသာပါတယ် သူမရမ်းချောတယ်
သူနဲ့တွေ့ဆုံဖို့က အရေးကြီးဆုံးပါဘဲ သူ့ထက်အရေးကြီးတဲ့အရာ မရှိပါဘူး
တစ်နေ့ကျငါတို့ဝေးရမာကြိုသိထားတာကြောင့် ကျန်တာတေအကုန်ဖယ်ပီး သူ့နားမာ
နေခွင့်ရသလောက် အကောင်းဆုံးကြိုးစားခဲ့ပါတယ် ။

♥2022.8.7♥ ဒီနေ့သူနဲ့အတူဘုရားကျောင်းမာနေရတာပျော်ပါတယ်အင်းကျီအဖြူရောင်နဲ့ နေ့လယ်ငါတို့ပြန်လာဆိုင်မာရောက်တော့ လမ်းမာအရက်သမားတစ်ရောက်က ဆိုင်ကယ်နဲ့ပြန်လာတဲ့အဒေါ်ကို လမ်းဘေးမာဘဲဝင်တိုက်လိုက်ပါတယ် ပီးတော့အရက်သမားက ဘာမတ်မပြောဘဲဆိုင်ကယ်မောင်းထွက်သွားတယ် ငါတို့နဲနဲကူညီလိုက်တယ် ပီးတော့ အိမ်ပြန်လာတယ် ညနေသုံးနာရီကျငါတို့ဘုရားကျောင်းသွားတယ် သူလည်းသူ့အစ်မနဲ့အတူတူလာတယ် ငါတစ်ရောက်ထဲထိုင်နေပါတယ် ငါ့နားမာကလေးတစ်ရောက်လာထိုင်တယ် မနီးမဝေးကနေငါသူ့ကိုကြည့်တယ် သူရမ်းချောတာဘဲ သူလည်းငါ့ကိုလည့်ကြည့်ပါတယ် သူငါ့ကိုတော်တော်စိတ်ပျက်နေတဲ့ပုံဘဲ ပြန်လာတော့ လမ်းမာထပ်ဆုံပြန်ရော သူစိတ်ဆိုးနေတဲ့ပုံပေါက်နေတော့ ငါနဲနဲရှောင်လိုက်တယ် သူ့ကိုကြောက်လို့တော့မဟုပါဘူး ငါသူ့ကိုစိတ်မဆိုးစေချင်ဘူးလေ သူပျော်နေတာကိုဘဲမြင်ချင်တာ သူငါ့ကိုတစ်ကယ်စိတ်ဆိုးရင်ငါလည်းအရမ်းဝမ်းနဲရပါတယ် ။

♥2022.8.8♥
ဒီနေ့ရေကြီးနေတော့ ဆုပေးပွဲကိုဆရာမကြီးကရက်ရွှေ့လိုက်တယ် ကျောင်းသားတော်တော်များများကျောင်းမလာကျတော့ပါဘူး ညနေပိုင်း ဆရာမကငါ့ကိုပုံနဲနဲပါးပါးဆွဲခိုင်းတယ် ညနေပိုင်းမြက်နုတ်တယ်ကျောင်းမာ။

♥2022.8.25♥
ဒီနေ့မနက် 6:15 လူစုရမယ် သူများအိမ်မာဘုရားသွားရှိခိုးရမယ် အရမ်းကံကောင်းတယ်ဒီနေ့ မိုးတစ်နေကုံရွာပီးမိုးကျိူး ခနခနပျည့်တဲ့နေ့ပေါ့ ဘုရားရှိခိုးပီးတော့သူများထမင်းကျွေးတယ် သူကတော့သူများတေကိုဝိုင်းကူတာပေါ့ ငါကအဲ့လိုနေရာတေမာသိပ်မလာတော့ ဘာမတ်ငိပ်မလုပ်တတ်ဘူး သူ့ကိုတွေ့ချင်လို့သာလာတာ ဘာမတ်လည်းလုပ်မတတ်တော့ ကလေးတေကျားမာဘဲထမင်းထိုင်စားလိုက်တော့တယ် ထမင်းစားပီးပန်ကန်သွားဆေးပီးပြန်လာ သူနဲ့တွေ့တော့ သူလန့်သွားသလိုမျိုး အနောက်လှည့်ပြီးထွက်သွားတယ် စိတ်ထဲမာတစ်မျိုးကြီး ပီးတော့ခနနားတယ် မိုးတိပ်တော့ သူငယ်ချင်းတေကပြန်ဖို့ခေါ်နေတော့ မပြန်ချင်ဘေမဲ့ ပြန်လာလိုက်တယ် သူပြန်လာမဲ့လမ်းကိုလည်း ငါအချိန်တော်ကြာဆောင့်ကြည့်နေခဲ့တယ် ပီးတော့ ငါအိမ်ကိုငါပြန်လာလိုက်တယ် အိမ်ရောက်တော့လည်း စိတ်ထဲမကောင်း ဘာလို့လည်းဆိုတော့ သူနဲ့အတူတူပြန်မလာလိုက်ရလို့ သူမပြန်သေးဘဲကိုကအရင်ပြန်လာလိုက်လို့ပေါ့ကွာ။

♥2022.8.30♥ ကျောင်းမာအတူတူသီချင်းကျင့်ဖို့ ဆရာခေါ်တဲ့နေ့။

♥2022.9.1♥
သီချင်းဆိုတာ ဆရာမကြီးလာကြည့်တယ် အလယ်တိုင်းကခလေးတေလည်း သီချင်း ဆိုကြတယ်။

♥2022.9.8♥
ဆုပေးပွဲမာ ငါတို့အတူတူသီချင်း ဆိုတဲ့နေ့။

♥2022.9.9♥

ဒီနေ့ မွေးနေ့ပွဲသွားပီး မြက်ပြန်လာပေါက်တဲ့နေ့ ပေါ့ မျက်ပေါက်ပီး နားတော့
သူအချိုရေတေယူလာပီး အလုပ်လုပ်တဲ့သူတေကို အချုရေတိုက်ပါတယ်
သူငါ့ကိုအချိုရေလာတိုက်ပါစေလို့စုတောင်းနေခဲ့တာ သူတိုက်တဲ့အချိုရေကိုသောက်ချင်ပေမဲ့လည်း
ငါကလွဲရင် ကျန်တဲ့သူတေအကုန် သူအချိုရေတိုက်တယ်
သူ့မှတ်ငါ့ကိုကြည့်မရတာဘယ်တိုက်မလယ် ဒါမဲ့ဘာဖိပါဘူး သူ့မျက်နာလေးကိုမြင်တွေ့ခွင့်ရတာဘဲ
အရမ်းကျေးဇူးတင်တယ် သူကငါ့အတွက်တော့ နတ်သမီးလေးပါ။

♥2022.12.20♥
ရက်နေ့မှာ ငါမင်းအနားမာနေပီး မင်းစာမေးပွဲဖြေနေတာ ကိုငေးကြည့်ရင်းအရမ်းပျော်ခဲ့ပါတယ်
အဲ့အချိန်ကငါ့အတွက်တော့ လုံးဝတန်ဖိုးမဖြတ်နိုင်တဲ့အချိန်လေးပေါ့ ။

♥2023.12.3♥
ဘုရားကျောင်းတက်ပီး ညနေခြောက်နာရီကျ သီချင်းသွားကျင့်တယ်ပီးတော့
လဖက်သုတ်ကျွေးတယ် ။။ ။

♥2023.12.4♥
ညနေကျောင်းဆင်းအိမ်ပြန်လာ ထမင်းချက်ပီး သီချင်းသွားကျင့် ဆရာအိမ်မာနား မိုးချုပ်တော့
ဘုရားကျောင်းသွား ခေါင်းလောင်းတီးတဲ့နေရာဘေးမာ ဖုန်းထိုင်နိပ် သူငယ်ချင်းကဘေးမာလာထိုင်
ငါတို့စကားပြောနေတိုင်း သူများဆပ်ကားကူးမဲ့အကြောင်းပြော တော့ ငါကြည့်နေတယ်
သူမရောက်လာတယ် သူမကငါ့ကိုမတွေ့ဘူးထင်တယ် ငါ့အရှေ့ကနေဖြတ်သွားတယ်
သူအစ်မကတော့ သူ့အနောက်မလိုက် ငါ့တို့အနောက်ဘက်မာသွားတယ်
ပြန်တဲ့ချိန်ကျငါဆိုင်ကယ်ပေါ်မာထိုင်အနွေးထည်ဝတ်နေတယ် သူမဖုန်းမီးနဲ့ငါ့အရှေ့မာပြန်လာ
သူအရမ်းပျော်နေတဲ့ပုံပေါ်တယ် လမ်ူဆောက်တာလည်းနဲနဲမြန်တယ် ။။ ။။

♥2023.10.26♥
ဒီနေ့ငါမူကြိုမာပုံသွားဆွဲ သူမလည်းမူကြိုမာ အလုပ်လာလုပ် ငါပုံဆွဲတာ
သူမရေတေငါ့ဆီတစ်မျက်စီးနဲ့လည်းချ ငါနေတဲ့နေရာ ရေတေများတော့ ငါဘေးမာခနနား
သူမတ်ဒီနေ့ပျော်နေရော ပန်းချန့်ထဲမာလည်း ဒတ်ပုံရိုက်
နေ့လယ်ကျရောင်ဆုံအဖြူရောင်ငါမေးတော့ ဆရာမကသူမကိုခေါ်ပီးသွားယူခိုင်းတော့
သူမရှက်နေတယ် သူမသူငယ်ချင်းအနောက်မာဘဲနေတယ် ဒါပေမဲ့ငါ့ကိုတော့ သူမ
ကြည့်မရတုန်းပါဘဲ။ ။

♥2023.12.25♥
ဒီနေ့ Christmas ပွဲ မနက်ပိုင်းထမင်းစားပီးဟိုသွားဒီသွား သူများတေဘော်လုံးကန်တော့
ဘော်လုံးပွဲသွားကြည့် သူငယ်ချင်းအချိုရေဝယ်တိုက်သောက်ပီးခနနားပီးပြန်လာ
သူမအကလေ့ကျင့်တာလာကြည့် သူမ ကပီးတော့ ဘောလုံးပွဲသွားကြည့်တော့ ငါတစ်ရောက်ထဲကျန်
ခနထိုင်နား သူမညီမလေးပြန်လာ ခနနေသူငယ်ချင်းလာခေါ်တော့
ငါလည်းပြန်လာ ညကျ လက်ဆောင်းရတဲ့သူထဲငါလည်းပါတယ် လက်ဆောင်ယူပီးမုန့်လိုက်ဝေ
ပီးတော့ လက်ဆောင်ပြန်လာယူတဲ့ချိန်သူမမျက်နာတစ်ချက်ကြည့်လိုက်တော့
သူမအရမ်းစိတ်ဆိုးမျက်လုံးတေနဲ့ငါ့ကိုကြည့် ပွဲပီးတော့ပြန်လာလိုက်တယ်။ ။

♥2023.12.27♥ ဒီနေ့ညဘုရားကျောင်းသွားတော့ ပင့်ကူအင်းကျီရောက်ပြန်လာယူ သူများတေ christmas သွားမယ်ပြောတော့ ပင့်ကူအင်းကျီဝတ်ပီး ကားနဲ့သူများနောက်လိုက်သွား ဟိုရောက်တော့ သူမညီမလေးနဲ့သူငယ်ချင်းက အရမ်းသဘောကျတော့လာဖတ်တယ် ပြန်ခါနီးကျ သူမအဖေရဲ့ကားသော့ကပြောသွားလို့ သူမအဖေနဲ့အမေ ကားသော့လိုက်ရှာ သူမကချမ်းလို့ကားထဲမာဆောင်တစ်ထည်နဲ့ ထိုင်နေတယ် သူမကိုကူညီပေးချင်ပေမဲ့ သူများကားနဲ့လိုက်လာတာမို့လို့ သူများပြန်လာတော့ငါမပြန်ချင်လည်းပြန်လာရတော့ စိတ်မကောင်းဖိ အိပ်မရဘူး။။

♥2023.11.17♥ ဒီနေ့ငါစစ်နာရီထိုးကျောင်းသွား ကျောင်းရောက် ဆယ်တန်းအခန်းရှေ့သူနဲ့တွေ့ အမိုက်ပုံးသွားပစ်ပြန်လာသူမငါ့ကိုမတွေ့ချင်ရှောင်ဆောင်နေ့လယ် ရေသန့်စက်ဘေးကသစ်ပင်အောက်နားသူမလမ်းဆောက်လာတာ ညနေသူများတေအိပ် ကျောင်းမာဆရာမတေလည်းမအား မုန့်ဈေးတိုင်နား ထေးဝင်းနဲ့ ဆိုင်ကယ်ပေါ်မာထိုင် သူမက သူငယ်ချင်းတေနဲ့ လာကစား စက္ကက်ကန်း ကစားတာ ခနနေဆရာမ ကျောင်းရှေ့မာသွားခိုင်း ကျောင်းရှေ့သွားပီးသူမကို ငေး ဒီနေ့ကပျော်စရာကောင်းတဲ့နေ့တစ်နေ့ပေါ့ သူမတ်နဲ့အချိန်တော်တော်များများ အတူတူဖျတ်သန်းရလို့။ ။

♥2023.8.20♥
ဒီနေ့မနက်ဘုရားကျောင်းလာ ဆရာအိမ်မာနား သူမက ကိုးနာရီမခွဲခင် လာတော့ငါ့ကိုလမ်းကြည့် ခနနေတော့ ငါဘုရားကျောင်းသွား နောက်ဆုံးခုံ ဘေးနားမာသွားထိုင် သူမကငါ့ကိုကြည့် သူမက ဒီနေ့ စာအုပ်တစ်အုပ်နဲ့ ဆရာမလိုဘဲအရှေ့မာနေတာ ခုတစ်လောသူမငါ့ကိုစိတ်ဆိုးတာသိပ်မရှိတော့သလိုဘဲ ခနခနသူမငါ့ကိုလှည့်ကြည့်ပေမဲ့ စိတ်ဆိုးတဲ့ပုံမပေါ် ညနေကျငါလုံချီနဲ့လာ ဆရာနောက်မာထိုင် သူများတေမျက်လုံးမိတ်တဲ့ချိန်သူမက ကလေးလက်ကိုကိုက်မလိုလုပ်ပီး သူမအရှေ့ကိုကြည့်တော့ငါ့ကိုကြည့်တယ် ပြန်လာတော့ဆရာအိမ်အောက်မာနား သူမဆရာအိမ်ရှေ့ရောက်တော့ ငါတို့ထွက်လာ သူမအနောက်လှည့်ကြည့်ပီး ရီနေကြတယ် သူတို့လေးရောက် ဘယ်သူ့ကိုကြည့်ပီးရီတာလည်းမသိ ဆရာတော်အိမ်ရှေ့ရောက်တော့ သူမက ခနရပ် ငါတို့အရှေ့ကသွားတော့မတ်သူတို့လိုက်လာ ဆရာကငါ့ကိုအရှေ့မာလာထိုင်လို့ခေါ်တာငါသွားမရဲ သွားရင်သူမအရှေ့မာဟိုတစ်ခါကလို နစ်ရောက်စလုံးအရှက်ခွဲမာ ဒီနေ့ကဆရာတော်သမီးမွေးနေ့လေ။

♥2023.8.13♥ ဒီနေ့မနက်ဘုရားကျောင်းသွားတယ် သူမကိုခနခနလမ်းကြည့်တယ် သူမဒီနေ့ ခနခနရီတယ် သူမပျော်နေပုံရတယ် တစ်ခါတစ်လေကျသူမငါ့ကိုလှည့်ကြီတယ် မကြာခနမသိမသာလေးငါ့ကိုလမ်းကျိတယ် ပီးတော့သူမရီတယ် ညနေဘုရားရကျာင်းလာတော့ ငါချော့ကလက်ဝယ်လာတယ် ဆရာနဲ့အတူတစ်ထုပ်စား ကျန်တစ်ထုပ်ကျကလေးကိုကျွေး သူမဘုရားကျောင်းရောက်လာချိန် ကျိုလိုက်တော့ သူအစ်မနဲ့အင်းကျီတူတူဝတ်လာပြန် အင်းကျီအရောင်က အစိမ်းရင့်ရောင်အရောင်ပြာသွားသလိုဘဲဘာအရောင်လဲငါလည်းမသိ ဒါပေမဲ့သူမနဲ့အရမ်းလိုက် ကြည့်လိုက်ရင်အရမ်းချော သူမဆပင်မစီးထားဘူး သူများမျက်လုံးမိတ်တဲ့ချိန်ကျသူမဆပင်စီးတယ် ဆပင်စီးတဲ့ပုံဆံကလည်း အရမ်းချစ်ဖို့ကောင်း သူမကငါ့အတွက်နတ်သမီးလေးလိုဘဲ ကြည့်လို့မဝသူမမျက်နာလေး အကြာကြီးကြည့်လည်းကြည့်မဝ သူမလှည့်ကြည့်တဲ့အချိန်တေဆို အရမ်းပျော် အပျော်ဆုံးကတော့သူမနဲ့အကြည့်ချင်းဆုံတဲ့အချိန်တေပေါ့ အဲ့အချိန်တေကိုငါဘယ်တော့မတ်မေ့နိုင်မာမဟုပါဘူး ။

♥2023.8.9♥

ဒီနေ့ကျောင်းပိတ်အိမ်မာပုံဆွဲ ညနေရောက်တော့ 17 ပုံပီးဝါးတယ် လေးနာရီထိုးတော့
စရာမဆီစာပို့ဘုရားကျောင်းလာရင်းနဲ့ပုံယူလာပေးမယ်ပြောလိုက်တယ်
လာတဲ့လမ်းမာရေနဲ့နဲကြီးတယ် ဆရာမအိမ်ရောက်တော့ ဆရာမကိုခေါ်တာ ပီး ခနနား 6 နာရီမထိုးခင်
ဘုရားကျောင်းသွားတော့ သူမရောက်နေပီး ဘုရားကျောင်းအရှေ့မာ အကြာကြီး နေနေတယ်
ကလေးတေအနောက်မာငါနေတယ် သူမကကလေးတေနဲ့စကားလာပြော
သူမအရမ်းပျော်နေတဲ့ပုံပေါက်တယ်ဒီနေ့
သူမဒီနေ့သီချင်းသွားဆိုတာအရမ်းနားထောင်လို့ကောင်းတယ်
ပီးတော့သူမသီချင်းဆိုရင်းရှက်တဲ့ပုံပေါက်တယ် ဒီနေ့သူမဆိုတဲ့သီချင်းက
နားထောင်လို့အကောင်းဆုံး သီချင်းနားထောင်တဲ့ချိန်ငါတစ်ချိန်လုံးပြုံးနေတာဘဲ ပြန်တဲ့ချိန်ကျတော့
ငါကအရှေ့လေကားမာဆင်းတာဆိုတော့ သူငယ်ချင်းနဲ့ရပ်နေပီး စကားပြောတဲ့ချိန် သူပြန်လာ
အရှေ့ကိုမကြည့်ဘဲ လှ့ကြည့်တော့မတ် ငါ့ကိုတွေ့တော့သူမရီနေတယ်
သူမပျော်နေတာတွေ့တော့ကိုလည်းအရမ်းပျော်တယ်ဒီနေ့။

♥2023.8.6♥
ဒီနေ့ ဘုရားကျောင်းတက် သူမကအင်းကြီးအနီရေရှာင်နဲ့လာတယ် သူ့အစ်မနဲ့အင်းကြီတူတူဘဲ
သူအစ်မကအရှေ့မာနေ သူမကတော့အနောက်မာ ထိုင်တာပေါ့ ဒီနေ့သူမကိုခနခနကြည့်ဖြစ်တယ်
သူမရီတဲ့အချိန်တေဆိုကြည့်လို့လှမလှဘဲ သူမကငါ့ကိုခနခနချောင်း ပီးတော့
စိတ်ဆိုးသလိုလိုနဲ့ငါ့ကိုစိုက်ကြည့် နေ့လယ်ပြန်လာတော့ဆရာအိမ်မာလယ်ဖက်ရေသောက်တဲ့ချိန်
ဆရာမကပန်းချီဆရာအကြောင်းလာမေး ငါလည်းနားမလယ်တော့ ပြန်တော့မဲ့ချိန်
ဆရာမမေးတဲ့ပန်းချီဆွဲသူက ငါဖိနေတော့ ပြန်ထိုင် ဆရာမပြောတယ် အားတဲ့နေ့အိမ်မာလာခဲ့
ဆင်ပုံတေပန်းတေ ဆွဲချင်းမလျု့ ငါလည်းနောက်အပတ်သနေနေ့အားတယ် လာခဲ့မယ်လို့ပြောတယ်
ညနေဘုရားကျောင်းတက်တော့ မနက်တိုးကလိုဘဲ သူမအင်းကြီအနီရောင်လာတယ်
ငါကဟိုးအနောက်မာနေတော့ သူမကအကြာကြီးနေမတ် တစ်ခါလောက်ဘဲလှည့်ကြည့်တယ်
လှည့်ကြည့်ပေမဲ့ မပြုံးပြဘူး ။

♥2023.8.5♥
ဒီနေ့ညနေသီချင်းသွားကျင်းတော့မဲ့ချိန်မိုးတစ်အားရွာတော့
မိုးကာအင်းကြီနဲ့လာတာဘောင်းဘီတေစိုကုန် ဘုရားကျောင်းမာခနနားရင်းအရမ်းချမ်းတယ်
မိုးလာတော့ အပေါ်တက်ပီးနားတယ် အကြာကြီးနေတာလူနဲနဲဘဲလာတယ် သီချင်းဆိုပီးခါနီး 7
နာရီမထိုးခင်သူမရောက်လာတယ် သူမအရှေ့မာလာထိုင်တယ်
ငါလည်းအရှေ့မာဘဲထိုင်တာဆိုတော့သူမကိုရှင်းရှင်းလင်းလင်းမြင်ရတယ် သူမဒီနေ့ခနခနရီတယ်
ရှက်နေသလိုဘဲ မပြန်ခင်ဆရာကနောက်ဆို
ဆောဆောလာကြလို့စကားများကြီးပြောရင်းမာလိုက်တယ်
ဆရာပြောနေတဲ့အချိန်သူမအရမ်းရှက်ကောင်းငုတ်ပီးနေတယ်
သူများတေပြန်ပီးငါခနထိုင်သူမကအရှေ့မာရပ်နေတော့ငါမပြန် သူမတစ်ရောယူပီးငါ့အရှေ့ဖြတ်သွား
ငါပြန်လာတော့ အရှေ့မာမိန်းကလေးတေများလို့ လေကားမာခနရပ်မယ်ဆိုမ
သူမကအနောက်ကနေမြန်မြန်ပြန်လာတော့ ငါအောက်ဆင်းတယ် သူအစ်မက တစ်ရောက်ထဲ သူ
အနောက်လှည့်ကြည့်တဲ့ချိန် ငါ့ကိုတွေ့တော့တိုင်ဘေးမာဘဲပုန်းနေတာလားမသိ
ငါအရမ်းရှက်တယ်ဒီနေ့ အနောက်တောင်လှည့်ကြည့်မရဲတော့ဘူး မြန်မြန်ပြန်လာလိုက်တယ်
စိတ်ထဲမာတစ်မျိုးကြီးဘဲ သူတစ်ရောက်ထဲဘဲဟာကို ငါဘာလို့မနေရဲတာလည်းမသိ ။

♥2023.8.2♥
ဒီနေ့ရေကြီးတယ် မနက်ပိုင်းမိုးရွာရင်းနဲ့ကျောင်းလာ သူမကကျောင်းမာ အမိုက်လဲတနတယ်
ဒီနေ့ကသူ့အသင်းဆိုတော့ သူအလုပ်လုပ်တယ် ငါလည်းအလုပ်လုပ်တယ်
ဒီနေ့ကျောင်းလာတာသူ့ကိုတွေ့ရလို့အရမ်းပျော်တယ် သူအမျက်သွားသွန်တာအရမ်းကြာ

ကျောင်းတက်မတ်ပြန်လာတယ် နေ့လယ်ကျောင်းမဆင်းခင် ဆယ်မိနစ်အလိုမှာ
သူမအခန်းရှေ့မှာရပ်နေတယ်ဒီဘက်လှည့်ကြည့်တယ် ညနေငါးနာရီကျ ဘုရားကျောင်းသွား
ဆရာအိမ်မှာသွားနား ဘုရားကျောင်းမှာခနနားပီးဆရာလာတော့ဆရာဘေးမှာသွားထိုင်
သူမရောက်လာ သူမဒီနေ့အရမ်းပျော် တဲ့ပုံပေါ်တယ် ခနခနပြုံးပြတယ် ပြန်တဲ့ချိန်ကျ ခနနား
သူငယ်ချင်းပြန်မတ်ပြန် လမ်းမှာသူမကိုတွေ့တယ်သူမအနောက်လှည့်ကြည့်တယ် လက်ထဲမှာ
ဓာတ်မီးနဲ့ သူရှိနေတယ် သူအစ်မကိုရှိပြတာဘဲ ငါ့ကိုတော့မဟုပါဘူး။

♥2023.7.30♥
ဒီနေ့ဘုရားကျောင်းတက်တယ် တစ်ရောက်ထဲ အကြာကြီးသူမကိုငေးကြည့်ရင်း
သူမကလှည့်တောင်မကြည့်ပေမဲ့လည်း ငေးကြည့်ခွင့်လေးရတာ ဝမ်းသာပါတယ် ငါအရင်တုံးက
သူမအခြားကောင်လေးတွေကိုကြပြုံးပြပီးငါ့ကိုကြကြည့်မရတာ ငါအရမ်းဝမ်းနဲတာဘဲ
ဒါပေမဲ့ငါအခုအရင်လိုမဟုတော့ပါဘူး သူမရဲ့အပြုံးလေးတွေကငါ့အတွက်မဟုရင်တောင်
ဘေးကနေငေးကြည့်ရင်း ကျေနပ်ပါတယ် အရင်လိုဝမ်းမနဲတော့ပါဘူး ညနေကျမိုးရွာတာနဲ့ငါလာတာ
အင်းကျီနဲ့ဆို ဒီညနေသူမသီချင်းဆိုတာ နားထောင်လို့ကောင်းပါတယ် မဆိုးပါဘူး
ကျွန်နော်ကိုတိုင်လည်းစဉ်းစားတယ် သူမကငါ့ကိုဘယ်တော့မတ်ပြန်ချစ်နိုင်မှာမဟုဘူးဆိုတာ
ငါကသူမအတွက်တော့ ဘာမတ်မဟုပါဘူး ။

♥2023.7.27♥
ဒီနေ့စာမေးပွဲလည်းပီး ညကျ facebook အကောက်သစ်နဲ့သူမကို သူငယ်ချင်းသွားလုပ်
တော့သူမလက်မခံခဲ့ဘူး အရမ်းရက်စက်တယ် ငါကသူမအတွက်အနောက်ဆက်ဖြစ်လို့
ငါ့ကိုမုန်းနေကျရောပေါ့ ငါသူမကိုအချန်တွေအများကြီးပေးခဲ့ပေမဲ့ဘာမတ်ထူးမလာဘူး
ဒါပေမဲ့ငါကျေနပ်ပါတယ် ငါသူမကိုအရမ်းချစ်လို့
သူမအနောက်ဆက်မဖြစ်အောင်နောက်ဆုပ်ပေးလိုက်ပါ့မယ် နုပ်ဆက်ပါတယ်။

♥2023.7.23♥ ဒီနေ့ဘုရားကျောင်းသွားတယ် မနက်စစ်နာရီလောက်သွားတယ်
သူများတေလာတာနဲနောက်ကျတယ် မနက်ပိုင်းအချိန် သူမကိုကြည့်ရတာ သူမပျော်နေတဲ့ပုံပါဘဲ
သူမသီချင်းဆိုတဲ့အချိန်တေဆိုလည်း ခနခနရီတယ် ဆက်တာလားတော့မသိ
သူမကသူငယ်ချင်းရဲ့ဘေးမှာထိုင်ပီး ပုံစံအမျိုးမျိုးနဲ့ချဲ့တာ ကလေးလေးတစ်ရောက်လိုဘဲ
အရမ်းချစ်ဖို့ကောင်းတာ ညနေကျတော့ သူမရဲ့အစ်မက အရှေ့မှာသွားနေရတော့
သူတစ်ရောက်ဘဲကျန် သူနစ်ခါသုံးခါလောက်ဘဲအနောက်လှည့်ကြည့်တယ်
သူများတေမျက်လုံးမိတ်တဲ့အချိန် သူမကလေးနဲ့နေရာလဲတာ
သူဆက်သွားလို့အနောက်လှည့်ကြည့်တယ်ပီးတော့သူရီတယ် သူဆက်နေတာလားမသိ ။

♥2023.7.22♥
ဒီနေ့ကျောင်းပိတ် တစ်နေကုန်နား မနက်ဖန်ဘုရားကျောင်းသွားရမယ်ဆိုတော့
ညနေခြောက်နာရီမထိုးခင်သူငယ်ချင်းအိမ်သွားတယ် သူငယ်ချင်းကအိမ်မှာမရှိတော့ ခနထိုင်ဆောင့်
ခြောက်နာရီထိုးတော့ ဘုရားကျောင်းသွား ကျောင်းရှေ့ကလမ်းမှာသွားတော့ သူမက
သူငယ်ချင်းနဲ့အိမ်ပြန်လမ်းဆောက်နေတာတွေ့တယ် သူမအနောက်လှည့်ကြည့်တော့ငါ့ကိုတွေ့တော့
သူမတွေ့ချင်ရောင်ဆောင်တယ်
ငါတို့ဆရာအိမ်မှာသွားနားတယ်ဖုန်းလိုင်းမကောင်းလို့ဆရာအိမ်ရှေ့မှာသွားနားတယ်
သူလာတာကိုထိုင်ကြည့်တယ် သူမကဟိုအဝေးကနေဆရာအိမ်ရှေ့ကိုလမ်းကြည့်တယ်
ငါ့ကိုတွေ့တော့ သူမသူငယ်ချင်းအနောက်မှာနေလိုက်ဟိုကြည့်ဒီကြည့်နဲ့
ခနကြာတော့သူမကအနောက်လှည့်ပီး ပြန်သွားတယ် ငါသိပါတယ် ငါရှိနေလို့သူမလာဘဲပြန်သွားတာ
ဒါပေမဲ့သူမသီချင်းလာကျင့်သေးတယ် သီချင်းဆိုတဲ့ချိန်သူမအပြုံးလေးတေကချစ်စရာလေး ။

♥2023.7.20♥
ဒီနေ့ငါကျောင်းဆောဆောသွားတယ် ရေခပ်ပီးအခန်းထဲမာခနနား 8:20
ရောက်တော့လုံခြည်ဝတ်တဲ့အချိန်သူအခန်းရှေ့ကနေဖြတ်သွားပီး ငါ့ကိုလှည့်ကြည့်တယ် 8:25
ရောက်တော့သူများအမိုက်ကျုံးတာထိုင်ကြည့်ရင်း သူအခန်းရှေ့မာပြန်လာပီး ငါ့ကိုလှည့်ကြည့်တယ်
ခနနေတော့ငါအပြင်ထွက် ဆရာမခေါ် အစီးအဝေးလုပ်ဖို့ဟောခန်းမှာသစ်သားခုံသယ်သွားခိုင်းတယ်
ခုံသယ်ပီးပြန်လာတာနဲ့ကျောင်းတက် နေ့လယ် ဆရာအိမ်မာခနနား သူတို့မုန့်လာဝယ်ပီးပြန်
ကျောင်းသားဟောင်းသုံးရောက်ဆရာမကြီးဆီလက်မတ်လာယူ တဲ့အချန်
ငါတို့ကျောင်းအနောက်ကနေပြန်လာ
ငါ့တို့အခန်းနောက်ဆုံးကတင်းပေါက်မာသူ့ကိုလမ်းကြည့်နေတုံးသူငါ့ကိုလှည့်ကြည့်သေးတယ်
ပီးတော့ငါတို့ပြန်လာ သူငယ်ချင်းကငါ့ကိုခေါ် ငါလာတာသူတို့ရောက်လာတာနဲ့ကွက်တိ သူတို့သစ်ပင်
ဘေးနားမာရှိနေတယ် ငါသူငယ်ချင်းနဲ့စကားပြောနေတုံး သူတို့ဆရာမကြီးအိမ်သွား ပီးတော့သူတို့
ဆရာအိမ်ဘက်ချမ်းကနေ ရောက်တော့ ငါသူများကိုကျောင်းနောက်ကနေလိုက်ပို့
ဆရာမကြီးမုန်းဆေးတန်းမာထိုင်တာတွေ့တော့ သူများတေကိုပြောပြလိုက်ပီးသွားခိုင်းလိုက်တယ်
သူမတို့လည်း ငါတို့အရှေ့ကိုရောက်နေပီး ပီးတော့ငါမြန်မြန်ကျောင်းနောက်ကနေပြန်လာတယ်
ကျောင်းရှေ့ရောက်တော့ ဟိုဘက်ကျောင်းရှေ့မာသူတို့ ပြန်လာတာ ကွက်တိဘဲ
ငါသူ့ကိုအဝေးကနေကြည့်တနုတယ်သူလည်းငါ့ကိုအဝေးကနေကြည့်နေတာတွေ့တယ်
အတန်းရေ့ရောက်တော့အတန်းထဲမဝင်ခင်သူ့ကိုလှည့်ကြည့်လိုက်တော့သူလည်းလှည့်ကြည့်တယ်
ခနနေတော့ငါအပြင်ကိုလမ်းကြည့်တဲ့အချိန်သူတို့က ကတင်းပေါက်နားမာ
နေပီးအပြင်ဘက်ကိုကြည့်နေတယ် သူတို့ငါ့ကိုမြန်သွားတော့ငါအတန်းထဲပြန်ဝင်လာလိုက်တယ်
ခနနေတော့ငါရုံးခန်းအရှေ့ကိုသွားတော့ ဆရာမက ဟောခန်းကခုံတေ
ရုံးခန်းမာပြန်လာသယ်ခိုင်းတယ် သူငယ်ချင်းတေကပြောက်နေတော့
ရေသန့်စက်ဘေးမာရေသွားသောက်နေတုံးသူငယ်ချင်းတေပြန်လာ ပီးတော့ငါတို့ခုံသွားသယ်ကြတယ်
ပြန်လာတော့ ငါကခလေးတေဆော့နေတဲ့ကျောင်းရှေ့ကနေရာမာပြန်လာ သူမကတိုက်တိုက်ဆိုင်ဆိုင်
ကျောင်းရှေ့မာလာ ကောင်ငုံ့ပီးငါ့အရှေ့ဖျပ်သွားတယ် ရုံးခန်းမာ ထိုင်ခုံတေချထားပီး သူမကပြန်လာ
ငါကရုံးခန်းထဲမာနေတော့ သူမကရုံးခန်းအရှေ့မာဘဲရပ်နေတယ် ငါပြန်လာလိုက်တယ် ညနေ3:45
ကျောင်းဆင်း သူမအခန်းရှေ့ဖြတ်သွားတယ် ခနနေတော့ငါအပြင်ထွက်တယ်
ရေကန်နားမရောက်ခင်သူမငါ့ကိုစိုက်ကြည့်တယ်
ပီးတော့အိပ်ငိုက်နသလိုမျက်လုံးကိုင်ပီးကောင်းငုံ့အကြာကြီး
ငါဖျတ်သွားပီးတဲ့အထိဘဲပြန်လာတော့အချိန်ပိုမရှိလို့သူများနတပြန်ကုန်ပီးဒါပေမဲ့သူမအတန်းမာတေ
ာ့ပြန်လို့မရသေးဘူးအချိန်ပိုရှိတယ် မနက်တုံးက
ကျောင်းသားမိဘတေအစီးအဝေးလာတက်တဲ့အချိန် ဆရာမက ခုံမလောက်မာစိုးလို့ ငါတို့ကိုလာခေါ်
ငါတို့အပေါ်ထပ်ကိုရောက်တော့ ကျောင်းေရှ့ကိုကြည့်လိုက်တာ သူမအမေကရပ်နေတယ်
ခုံတစ်ခုံနစ်ခုံသယ်ပီး သူမအမေက လက်မတ်လာထိုးတဲ့အချိန်ငါ့ကိုတွေ့တော့ပြုံးပြတယ်
တော်ပါသေးတယ် ငါထင်တာ ငါ့ကိုသူမတစ်မိသားစုလုံးမုန်းနေကြတယ်လို့ထင်ထားတာ
သူမအမေက စိတ်ဆိုးတဲ့ပုံမပေါ်လို့ နဲနဲစိတ်အေးသွားတယ် ဒီနေ့က အခြားနေ့တေနဲ့မတူဘဲ
သူမနဲ့ခနခနအကြည့်ချင်းဆုံတဲ့နေ့ သာယာတဲ့နေလေးပေါ့ကွယ်။ ။

♥2023.7.18♥ ဒီနေ့ကျောင်းလာတာစောတယ် သူ့တို့အတန်းထဲခနဝင်ကြည့်တယ် စစ်နာရီထိုးခါနီး
အတန်းရှေ့က သူများတေဖြတ်သွားတဲ့အချိန်ငါလည်းအပြင်ထွက်ပီး ဘေးနားကိုကြည့်လိုက်တော့
သူတန်ကားဝကိုရောက်နေပီး သူ့အစ်မအနောက်မာနေတော့ သူ့မျက်နာသေချာမမြင်လိုက်မိဘူး
ခနနေတော့ငါတို့အပြင်မာသွားလယ်နေတုံး ဆရာမကမျက်နှတ်ခိုင်းတယ် သူလည်းလာတယ်
နေ့လယ်ထမင်းစားပီးတော့ခနနားနေတဲ့အချိန်သူအခန်းရှေ့ဖြတ်သွားတာတွေ့တယ် ခနနေတော့
ပိုက်ဆံသွားယူရင်းရေကန်အနားမရောက်ခင်သူပြန်လာတာတွေ့တယ်
သူငါ့အနားရောက်ခါနီးတိပ်စိတ်ပီးစကားမပြောတော့ဘူး ဒါပေမဲ့စိတ်ဆိုးနေတဲ့ပုံတော့မပေါ်ပါဘူး
ညနေကျောင်းဆင်းတော့ ငါအမြန်ပြန်လာလိုက်တယ်

ကျောင်းဝင်တန်ကားဝရောက်တော့သူ့အဖေကသူတို့ကိုလာကြို
သူ့အစ်မကကားထဲဝင်တဲ့အချိန်သူကတော့ ငါ့ကိုရပ်ကြည့်နေတယ် ငါလည်းသူရပ်ကြည့်နေရင်
ဆိုင်ကယ်မောင်းရတာစိတ်ပူတယ် သူ့အရှေ့ဖြတ်သွားရမှာမို့
အနာက်လည့်ကြည့်လို့တောင်မရဲတော့ဘူး ။

♥2023.7.17♥
 ဒီနေ့ကျောင်းလာ လမ်းမာသူနဲ့သူ့အစ်မလမ်းဆောက်လာတာတွေ့တယ်
ကျောင်းရောက်တော့နာရီကြည့်တာ စစ်နာရီထိုးပီးကွက်တိဘဲ ခနအခန်းရှေ့မာနေနေတဲ့အချိန်
သူအခန်းထဲကထွက်လာတယ် ဒါပေမဲ့ သူရပ်နေတယ်သူ့အစ်မဘဲကျောင်းရှေ့လာပီးပြန်သွားတယ်
စစ်နာရီခွဲတော့ အပေါ့သွားမယ်ဆိုပီးအပြင်ကိုကြည့်လိုက်တော့
သူတို့နစ်ရောက်အခန်းရှေ့ကဖြတ်သွားတယ် ငါတို့လည်းထွက်လာလိုက်တယ်
ရုံးခန်းအရှေ့ရောက်တော့ သူတို့ပြန်လာတာတွေ့တယ် ဆရာမကြီးကိုလာကြိုတာကိုး
ငါတို့ရေကန်အနားရောက်တော့အနောက်လက်ကြည့်လိုက်တာသူတို့လိုက်လာတာတွေ့တယ်
ကျောင်းတက်သီချင်းဆိုပီးတော့ဘုရားသွားရှိခိုးတယ် သူတို့ကအခန်းရှေ့မာရပ်နေတယ်
အတန်းထဲဝင်မလာသေးလို့ အပြင်ထွက်ကြည့်လိုက်တယ်
သူကိုတွေ့တယ်သူလက်ကြည့်တယ်ဒါပေမဲ့သူစိတ်ဆိုးတဲ့ပုံမပေါ်တာတွေ့တော့ အရမ်းပျော်တယ်
သူငယ်ချင်းကအဲ့အချိန်မာဘဲ ဖုန်းဘေဖိုးလာပေးတော့ ယူမရဲဘူး သူ့အရှေ့ဖျက်မသွားရဲလို့
ညနေကျောင်းဆင်းတော့မိုးရွာတယ် ထီးဖွင့်လိုက်တော့ထီးလည်းပျက်သွားတယ်ဒီနေ့။

♥2023.7.16♥ ဒီနေ့ကဘုရားကျောင်းတက်ရမဲ့နေ့ဆိုတော့ စောစောထပီးလာတာပေါ့
ထိုင်ခုံပေါ်မာတစ်ရောနစ်ခုချထားတာတွေ့တယ် နံနဲ့ဖယ်ပီးအဲ့နေရာမာဘဲထိုင်တယ်
သူငယ်ချင်းလာတော့ဘေးမာပေးထိုင်လိုက်တယ် ပီးတော့ ကတင်းပေါက်နားမာသူလာတယ်
ငါ့သူငယ်ချင်းကိုသူကတစ်ရောယူခိုင်းတယ် သူဘာဖိကိုတိုင်လာမယူတာလည်းတော့မသိဘူး
ငါရှိနေလို့လာမယူချင်တာများလား ဒီနေ့သူနဲ့ခနခနအကြည့်ချင်းဆုံဖြစ်တယ်
သူဘာလို့ခနခနငါတို့ဘက်လှည့်ကြည့်တာလည်းမသိဘူး တစ်ခါတစ်လေ
သူခတည်တည်နဲ့ငါ့ကိုစိုက်ကြည့်ရင် ငါသူ့မျက်နာကြည့်မရဲဘူး
သူအစ်မကသီချင်းဆိုတဲ့အချိန်မာလျှာလေးထုတ်ပီး
နေတယ်သီချင်းဆိုတာများလို့နုပ်ခမ်းခြောက်ဝါးတာဖိမယ်
ပီးတော့သူအဲ့လိုလုပ်တဲ့ချိန်ဘယ်သူတေကြည့်နေလယ်ဆိုပီးလဲ့ကြို😋ညနေကျဘုရားကျောင်းလာပီး
အလူအိမ်မာထပ်သွားပြန်တယ် အလူအိမ်ရောက်တော့ဖျာပေါ်မာထိုင် သူလာတော့
ဆရာတော်ဘေးမာငါသွားနေ သူကငါ့ရှေ့တည့်တည့်မာလာနေတော့ သူအရမ်းရှက်ပီးရီတယ်
ငါဆိုပိုဆိုး သူ့အရှေ့မာအချိန်အကြာကြီးနေရတော့ သူ့ကိုမော့မကြည့်ရဲတော့ဘူးကောင်းငုတ်ပီး
စိတ်နဲ့ကိုနဲ့မကပ်တော့ဘူး ခပ်တည်တည်ဘဲနေမယ်ဆိုမတ် သူငါ့ကိုနီးကပ်ကပ်ကြည့်နေတော့
မျက်နာပါပူတယ် ပုန်းစရာသူငယ်ချင်းလည်းတစ်ရောက်မတ်မလာတော့ ဆောက်ဆက်ကွဲပီး။

♥2023.7.15♥
 ဒီနေ့ကျောင်းပိတ် ညနေသီချင်းသွားကျင့်တာ အချားနေ့တေနဲ့မတူ
ဆောဆောဆီးဆီးသန့်ရှင်းရေးလာလုပ်ကျတယ် ဘုရားကျောင်းမာ ငါလည်းပါတယ်
ဒီနေ့ဆိုရမဲ့သီချင်းက ဟိုလွန်ခဲ့တဲ့နစ်နစ်ခန့်ကတည်းက သူ့ခွမူးကငါ့ကိုပို့ပေးထားတဲ့သီချင်းဖိနေတော့
သီချင်းကငါအလွတ်ရနေပီးသားဆိုတော့အေးဆေးပေါ့ ဒါပေမဲ့
ပိုးကရက်သီချင်းဆိုတော့သူသိပ်နားမလယ်တော့သူသီချင်းဆိုရတာနဲနဲခက်တယ်ထင်တယ်
သီချင်းဆိုပီးတာနဲ့ သူများအိမ်မာတစ်ခါတည်းသွားဆိုတော့တာဘဲ ဒါပေမဲ့ သူမလိုက်မလာဘူး
သူအိမ်ပြန်သွားလို့ သီချင်းဆိုပီး လယ်ဖက်သုတ်လာကျွေးတော့ စားတာပေါ့ စာပီးအိမ်ပြန် အိပ်ပီး။

♥2023.7.13♥ ဒီနေ့ကတော့မနက်စောစောစီးစီးကျောင်းတက်သီချင်းဆိုပီးတာနဲ့ ဆရာမကြီးက
မိန်းကလေးတွေအားလုံး မြက်နုတ်ခိုင်းတော့တာဘဲ သူနဲ့ငါမတွေ့ဖြစ်ဘူးဒီနေ့
ညနေကျငါအခန်းသော့ပိတ်ဖို့အခန်းရှေ့မာရပ်နေ သူအိမ်ပြန်တာငေးကြည့် သူအရမ်းချောတာဘဲ။

♥2023.7.12♥
ဒီနေ့သူ့အသင်းကျတဲ့နေ ကျောင်းမာသူ့အစ်မကကျောင်းမလာသူတစ်ရောက်ထဲဘဲကျောင်းလာတယ်
သူသန့်ရှင်းရေးလုပ်ပီးအမိုက်ပုံ့ပြန်လာထားတဲ့အချိန် ငါရေကန်ဘေးနားကထိုင်နေတာသူနဲ့တွေ့တော့
သူစိတ်ဆိုးမယ်ထင်ထားတာ ဒါပေမဲ့သူကဒီနေ့ငါ့ကိုစိတ်မဆိုးတော့ဘူး
ကြည့်ရတာသူငါ့ကိုသနားနေသလိုဘဲ သူ မနက်ပိုင်းနံပတ်သုံးအချိန်ငါနဲ့သူငယ်ချင်းအပေါ့သွားတယ်
ပြန်လာတော့ရေကန်နားမာသူနဲ့ထပ်ဆုံပြန်တယ်
ဒီတစ်ခါလည်းသူစိတ်ဆိုးမယ်ထင်ပေမဲ့သူစိတ်မဆိုးပါဘူး သူ့ရဲ့သူငယ်ချင်း
ရေကန်မာလက်ဆေးနေတော့သူကလမ်းမာရပ်နေတယ် ငါတို့လည်းပြန်လာလိုက်တယ်
ညနေကျငါဘုရားကျောင်းကိုသွားတယ် သူ့ကိုတွေ့ချင်လို့ပေါ့ကွာ
ဒါပေမဲ့သူမလာတော့ငါတစ်ရောက်ထဲပေါ့ ဒီညနေဘုရားကျောင်းမာသူ့ကိုမတွေ့ရပေမဲ့
ကျောင်းမာသူနဲ့ဆုံခဲ့တဲ့အချိန်တွေတုံးကသူစိတ်မဆိုးလို့ ဝမ်းသာပါတယ် ။

♥2023.7.2♥ ဒီနေ့ဘုရားကျောင်းသွားတာသူငယ်ချင်းတွေပြောက်နေတာတွေ့တယ်
သူတို့တွေကအဝေးကိုရောက်နေကျလို့ပေါ့ သူငယ်ချင်းတွေအများကြီးမရှိတော့ပေမဲ့
သူ့ကိုတွေ့ရလို့အရမ်းဝမ်းသာပါတယ် သူကငါ့ကိုအရင်လိုသိပ်မမုန်းတော့သလိုဘဲ
ပြောမတတ်ဘူးလေမုန်းချင်မုန်းနေမာပေါ့
ညနေသုံးနာရီချိန်ငါဘုရားကျောင်းကိုထပ်လာတော့သူကကြိုရောက်နေပီးဘုရားကျောင်းရှေ့မာထိုင်
နေတယ် ငါလာတာတစ်ရောက်ထဲဆိုတော့
ဘေးနားကကီတာတွေထားတဲ့အခန်းထဲမာထိုင်နေလိုက်တယ်
ဆရာတစ်ရောက်ကကျက်စပင်ရှိတဲ့နေရာမာထိုင်ပီးသီချင်းဆိုနေပါတယ် ခနကြာတော့
ဆရာသီချင်းဆိုတာဆူညံလို့လားမသိဘူး
သူကငါ့အရှေ့ကတစ်ခါးဝမာရပ်တစ်ရက်ပေါ်လာငါလည်းမသိလိုက်ဘူး
သူပုံစံကတစ်မျိုးကြီးဘာမတ်လည်းမပြောဘူးပြန်သွားတယ် ။

♥2023.5.31♥
 ဒီညမိုးတစ်အားရွာတော့ ငါနကျပ်တပ်ပီးသီချင်းနားထောင်နေတုံး ဒီဇင်ဘာ
လင်းနစ်သီချင်းလေးဖွင့်မိတော့ သူ့ကိုမေ့ဖို့ကြိုးစားနေပေမဲ့အဲ့သီချင်းကြားရင်
သူ့ကိုမလွမ်းဘဲမနေနိုင်ဘူး သူ့ကိုသတိရတဲ့အချိန်တိုင်းပျော်ပါတယ် ပီးတော့ သူ့အကြောင်းတွေးရင်း
စိတ်မကောင်းဘူး😔😔ဒါပေမဲ့ငါသူ့ကိုအရမ်းချစ်တယ်ဆိုတာ သူသိပါတယ်
သူငါ့ကိုအရမ်းမုန်းတယ်ဆိုတာလည်းငါသိတယ် 😓😓ငါထွက်သွားပီးမင်းဆီပြန်မလာတော့တာ
မင်းကိုမချစ်တော့လို့မဟုတ်ပါဘူး စိတ်ကုန်သွားတာလည်းမဟုတ်ဘူး
မင်းနဲ့နီးဖို့မကြိုးစားနိုင်တော့ဘူးဆိုတာလည်းမဟုတ်ဘူး ငါကမင်းအတွက်အနောက်ဆက်ဖြစ်နေလို့
မင်းစိတ်ဆင်းရဲမာဆိုးလို့ မင်းငါ့ကိုဘယ်အချိန်ထိမုန်းနေအုံးမာလည်းငါမသိပေမဲ့
ငါမင်းဆီကနေဘာမတ်မမျော်လင့်တော့ပါဘူး
ငါမင်းကိုချစ်နေတုံးဘဲဆိုတာစိတ်ထဲမာဘဲသိမ်းထားလိုက်တော့မယ် ။

♥2023.5.19♥ ဒီညနေသီချင်းကျင့်ဖို့ဘုရားကျောင်းကိုသွားဖိတယ် မသွားတာလည်းကြာပီးဆိုတော့
သူ့ကိုလည်းအရမ်းလွမ်းတယ် ဟိုရောက်တော့ သူငယ်ချင်းကိုအချိုရေဝယ်တိုက်ဆိုင်ကပြန်လာ
သူ့အိမ်ရှေ့ရောက်တော့ သူကအိမ်ရှေ့မှာရပ်နေတာတွေ့လိုက်တယ် ဒါပေမဲ့သူ့ကိုလှည့်ကြည့်လို့မရဲဘူး
သူစိတ်ဆိုးမာဆိုးလို့ ဘုရားကျောင်းရောက်တော့ ငါထိုင်ဆောင့်နေတယ်

သူရောက်လာတဲ့ချိန်ငါ့ကိုတွေ့တော့ သူအရမ်းဒေါသထွက်တဲ့ပုံနဲ့ ငါ့ကိုဝေးဝေးရှောင်လိုက်တယ် ငါလည်းဘာလုပ်ရမန်းမသိတာနဲ့ သူ့ကိုလည်းစိတ်မဆိုးစေချင်တာကြောင့် သူများတွေသတိမထားမိတဲ့အချိန်မှာငါတိတ်တိတ်လေးအောက်ဆင်းပီးအိမ်ပြန်လာလိုက်တယ် ။

♥2023.4.19♥ ငါဒီနေ့ငါတို့ရဲ့အမှတ်တစ်ရတွေကို ပြန်တွေးရင်း မင်းကိုအရမ်းသတိရတယ် မင်းငါ့အနားမှာရှိနေတဲ့အချိန်တွေ ကားအတူတူစီး တဲ့အချန်တွေ အတူတူသီချင်းဆိုတဲ့ညတွေ မင်းငါ့ကိုစိတ်ဆိုးတဲ့အချိန်တွေ ပြန်တွေးရင်း အရင်တုံးကအချိန်လေးတွေပြန်လိုချင်မိ မင်းနဲ့ဆုံခွင့်ရလို့ အရမ်းပျော်စရာကောင်းခဲ့ပါတယ် ။

♥2023.4.18♥ ဒီနေ့ငါသူ့ကိုအရမ်းသတိရတယ် သူ့ကိုမေ့သင့်ပီးထင်တယ် ငါဒီလိုမျိုးသူ့ကို သတိရနေတာသူမသိပါဘူး သူသိရင်လည်းငါ့ကိုသနားမယ်မထင်ပါဘူး ငါသူ့အနားမှာအတင်းလိုက်မကပ်ချင်တော့ဘူးကွာ သူ့ကိုလည်းစိတ်မညစ်စေချင်တော့ဘူး ဒီနေ့ကစပီး သူ့ကိုစိတ်ညစ်အောင်မလုပ်တော့ဘူး သူငါ့ကိုမမြင်ချင်တာကြာပီးဆိုတာသိပါတယ် အမြင်ကပ်တာလည်းသိတယ် ငါမင်းနဲ့နီးဖို့ မကြိုးစားတော့ပါဘူး နောက်ဆုပ်ပေးလိုက်ပါတယ် ငါမရှိတော့တဲ့ဘဝမှာ မင်းပျော်တယ်ဆိုရင် အလိုက်သိထွက်သွားပေးရတော့မယ် 😔 ငါမင်းကိုအမြဲတမ်းသတိရနေမှာပါ။

♥2023.4.16♥
ဒီနေ့စနေနေ့ဆိုတော့သီချင်းသွားကျင့်တာပေါ့နော် သကျုံလည်းမပီးသေးတော့ လမ်းမှာရေနေ့ပတ်မှာကိုလည်းရှောင်ရသေးတယ် ဟိုရောက်တော့ မီးဆက်နိုးပီးဘုရားကျောင်းမှာ ထိုင်ဆောင့်နေလိုက်တယ် သူ့အစ်မကအပေါ်တက်လာလာ ငါ့ကိုတွေ့တော့အောက်ဆင်းသွားတယ် ပီးတော့သူလာတယ် လေကားထိပ်ကမှန်အနောက်မှာဘဲ သူငါ့ကိုကြည့်တယ် ပီးတော့သူလည်းအောက်ဆင်းသွားတယ် သူငါ့ကိုမုန်းနေတုံးဘဲဆိုတာ သိပါတယ်ကွာ ငါလည်းသူ့ကိုမတွေ့တာကြာပီးမို့ ခနလာလယ်တာပါ သူငါ့ကိုအဝေးကနေရှောင်ထွက်သွားပါတယ် စိတ်ဆိုးနေတဲ့အကြည့်တွေနဲ့ငါ့ကို မျက်ဆောင်းထိုး စိတ်မကောင်းဖိပေမဲ့ သူနဲ့တွေ့ဆုံခွင့်ရလို့ ဝမ်းသာပါတယ် သူအပျုံးလေးမြင်ချင်ပေမဲ့ သူတစ်ခါမတ်လည်းမပြုံးပြဘူး။

♥2023.3.18♥
ဒီနေ့သူ့မွေးနေ့ ငါမသွားဖိလိုက်ဘူး ငါရေတံခွန်သွားလယ်တယ် မသွားပေမယ့် အရမ်းသွားချင်ခဲ့တာ သူမလာစေချင်မန်းလည်းသိတယ် သူ့ကိုစိတ်မညစ်စေချင်လို့ အလိုက်သိထွက်သွားပေးတာပါ မချစ်တော့လို့ မဟုပါဘူး ။

♥2023.4.9♥
ဒီနေ့ငါတစ်ရောက်ထဲ သူပြန်လာမဲ့နေ့ကို ရေတွက်ရင်း သူ့အကြောင်းတွေတွေးနေမိတယ် တစ်ကယ်လို့များသူငါ့ကိုတစ်ကယ်ဘဲ တစ်သက်လုံးပြန်မချစ်နိုင်ဘူးဆိုတာ အမှန်တစ်ကယ်ဖြစ်လာခဲ့ရင် ငါခုချိန်မှာ ဘာလုပ်သင့်လည်းတွေးနေတာ နောက်ဆုတ်ရမလား စေ့စက်တိုးရမလား စင်းစားရင်း နောက်ဆုံးတော့ ငါဆုံးဖြတ်လိုက်တယ် ဘာဘဲဖိဖိငါဘယ်နည်းနဲ့မတ်နောက်ဆုပ်နိုင်ဘူး ဘာဖြစ်လို့လည်းဆိုတော့ ငါသူ့ကိုချစ်တဲ့အချစ်တွေက ထာဝလဘဲ သိလားငါကျိုးစားရင်တောင်သူ့ကိုမစွန့်ခွာနိုင်ပါဘူး ငါတတ်နိုင်သလောက် မင်းနဲ့မနီးမဝေးတဲ့နေရာလေးတွေမှာ ရှိနေပေးမယ်နော် နောက်ဆုံးချိန်ထိမင်းကိုအမြဲးတမ်းချစ်နေမယ် ။

♥2023.4.10♥
ဒီနေ့ညငါသူ့ကိုဟိုးအရင်ကအမှတ်တစ်ရလေးတစ်ခု ပြန်သတိရလာအောင်ပြောပြဖို့ကြိုးစားခဲ့တယ် တေလာဆွစ် ရဲ့ပုံနဲ့ စာလုံးနဲနဲထည့်ပြီး စာေမးပွဲဖြေတုံးကသူငါ့ဘေးနားမှာ ထိုင်နေတုံး သူမေးခွန်းစာရွက်ပေါ်မှာ သူ့ကောင်လေးနာမည်အတိုေကာက်ရေးပြီးငါ့ကိုမသိမသာလေး မြင်အောင်ပြခဲ့တဲ့ အမှတ်တစ်ရလေးကို သူ့အတွက်ဘာမတ်မဟုတ်ပေမဲ့ ငါ့အတွက်တော့ မေ့လို့မရတဲ့နေ့လေးတစ်နေ့ဖြစ်ခဲ့ပါတယ် သူ့ကိုလည်း ပြန်ပြီးသတိရစေချင်လို့ သူငယ်ချင်းဆီအကူညီတောင်းပြီးပို့ခိုင်းလိုက်ပါတယ် ဘာလို့လည်းဆိုတော့ သူကငါ့အကောက်ကိုဘဆလာ့ထားလို့ သူများကိုပို့ခိုင်းရတာပါ သူငါ့ကိုစိတ်မဆိုးဘဲ ကျေးဇူးဘဲလို့ စာပြန်လိုက်တဲ့အတွက် ငါရမ်းဝမ်းသာတယ်ကွာ ။

♥2023.4.8♥
ဒီနေ့ဘုရားကျောင်းမာသီချင်းသွားတိုက်ဖိတယ် ဒါမဲ့အရင်ကသီချင်းကျင့်တဲ့နေ့တေနဲ့တစ်ခြားစီဘဲ တစ်ရောက်ထဲသီချင်းဆိုနေရသလိုဘဲ ပျင်းစရာကြီး သီချင်းဆိုရင်းနဲ့ သူ့အကြောင်းတေဘဲတွေးနေမိတယ် အရင်တုံးကဘုရားကျောင်းမာ ငါသီချင်းတေဆိုရင်းအရမ်းပျော်ခဲ့တာ သီချင်းသံတေကနားထောင်လို့အရမ်းကောင်းတာကြောင့် သူငါ့ကိုထားသွားပြီးအဝေးကိုထွက်သွားတဲ့နေ့ ငါသီချင်းတေနားထောင်ရင်းနဲ့ငါပျော်နေနိုင်မာပါလို့ထင်ခဲ့တာ အခုတော့ငါနားလည်သွားပါပြီး သူမရှိရင် အရမ်းဝမ်းနဲရမယ်ဆိုတာအသေချာပါဘဲ နောက်အပတ်အင်္ဂါမဟုတ်ရင်ဗုဒ္ဓဟူး သူပြန်လာမယ်ကြားတော့ အရမ်းပျော်သွားတယ်သိလား သူကငါ့အတွက်တော့ ပြောပြလို့တောင်မတတ်တော့ဘူး မရှိမဖြစ် အရေးကြီးဆုံးလိုအပ်တယ် ငါသူနဲ့စတွေ့တုန်းက သူ့ကိုလုံးဝမချိမိသွားစေရဘူးလို့ ဆုံးဖြတ်ခဲ့တာ မတ်မိပါသေးတယ် ငါကမူလတန်းကလေးတေဘဲ ချစ်တယ် အလယ်တန်းအထက်တန်းကောင်မလေးတေတော့အစ်မလိုဘဲသဘောထားလေ့ရှိပါတယ် ခုတော့ကလေးတေထက်ချစ်ရတဲ့သူက သူဖြစ်နေပါတယ် ငါ့မျက်စိထဲမာတော့သူက ခလေးတေထက်အများကြီးချစ်ဖို့ကောင်းပါတယ် ငယ်ငယ်ကတည်းက ခလေးတေဘဲလိုက်ကြိုက်တာချိသူလည်းမရှိ အနားမာကလေးတေဘဲရှိ ချိသူမရှိလည်းအေးဆေးပါဘဲ သူနဲ့တွေ့တော့မှဘဲ ပိုဆိုးသွားတယ် စိတ်ထိန်းမရ။

♥2023.4.5♥
ညနေဘုရားကျောင်းသွားတယ်တယ် သူရွာမာမရှိတော့မှန်သိလိုက်ရတော့ သူ့ကိုသတိရ သူထိုင်နေကျနေရာလေးကိုကြည့်ပြီး ငါနောင်တများနဲ့ အရင်အချိန်တေတုန်းကသူ့ရဲ့ပုံရိပ်တေသူ့အသံတေ နားထဲ ကြားရောင်နေမိ သူရွာပြန်မလာတော့မာကိုလည်းတွေးပူနေတော့တစ်ညလုံးအိပ်မရဘူး သူမှာကောင်လေးရှိတယ်သူငါ့ကိုပြန်မချိနိုင်ဘူး သူငါ့ကိုအရမ်းမုန်းတယ် ဒါမဲ့အဲ့ဒါကတစ်အားမဆိုးသေးပါဘူး ငါအတက်နိုင်ဆုံးကြိုးစားပြီးနေလို့ရပါသေးတယ် ခုတော့သူနဲ့မဆုံနိုင် သူ့အသံလည်းမကြားရ သူဟိုအဝေးကထွက်သွားတာ အဆိုးဆုံးဘဲကွာ သူပြန်လာတဲ့နေ့ကိုဆောင့်နေရတာအဆိုးဆုံးအချိန်တေလိုဘဲ တစ်ရက်တစ်ရက်ကိုတော်တော်ကြာတယ် ငါတစ်ရောက်ထဲစိတ်မကောင်းပေမယ့် ပြန်စည်းစားကြည့်လိုက်တော့ သူရွာမာရှိတဲ့အချိန်တေတုန်းက သူနားမာနေခွင့်ရဖို့အကောင်းဆုံးကြိုးစားခဲ့တာတေ မဖိနိုင်မှန်းသိပေမဲ့ ငါရှေ့ဆက်တိုးခဲ့တဲ့အချိန်လေးတေများကြီးရှိခဲ့ဖူးပါတယ် ဘာလို့လည်းဆိုတော့ သူပြန်မချစ်လည်း ငါသူ့ကိုတစ်သက်လုံးချစ်နေမာမို့ ။

♥2024.2.9♥ ကျောင်းမာကပ်ထားတဲ့ပန်းကျိုက ရက်ဆွဲမားဝါးတဲ့နေ့ ကျောင်းမာရေးထားတာတော့ 1 လပိုင်း9 ရက် မားရေးမိ အမှန်က 2 လပိုင်း 9 ရက်

♥2024.2.11♥
ဒီနေ့ညနေတစ်နာရီခွဲရေချိုး ပီးအချိုရေသောက်ပိုက်ဆံထုပ်ပီး နစ်နာရီခွဲလောက်ဘုရားကျောင်းသွား
ဆရာအိမ်မာနားနေတုန်း သူမဘုရားကျောင်းလာ ငါ့ကိုတွေ့လားတော့မသိ
ကလေးမလေးတစ်ရောက်သူ့ကိုခေါ်တာ သူမလာ ဆရာဘုရားကျောင်းသွားတော့ငါလိုက်သွား
သူမနဲ့သူမရဲ့အစ်မအတူတူဒပ်ပုံရိုက်ဘုရားကျောင်းရှေ့မှာ ပြုံးစီစီနဲ့
သူမဆရာကိုမေးတယ်သီချင်းဆိုရမယ်မလား ဆရာပြောတယ်ဟုတယ်
သူမနဲ့ကျွန်နော်နဲ့အတူတူဆိုရမယ်တဲ့ သူဘာမတ်မပြောဘူး
ဆရာပြောတယ်စာအုပ်မေ့လို့ငါစာအုပ်ပြန်လာယူ သူမညီမလေးနဲ့လမ်းမာတွေ့ ဒပ်ပုံသွားရိုက်
ပီးပြန်လာတာထင်တယ် သူမဒီညနေသီချင်းဆိုနေချိန်မီးသေသွားတော့ အရှက်ကွဲ
ကီတာပြန်ယူပီးဆိုတော့အသံသိမ်မကြားရတဲ့အပြင်နဲနဲအသံဝင်နေတော့သီချင်းဆိုတာအဆင်မပြေတဲ့
ပုံပေါက်တာပေါ့ပြန်တဲ့ချိန်ကျဘောက်မေ့လို့ငါပြန်လာယူ
သူမနဲ့တွေ့ဘောက်တစ်လုံးနဲ့ပြန်လာတော့သူမကငါ့အရှေ့မာလမ်းရှောက်တာဖြေးဖြေးလေးနဲ့
ကျော်သွားဖို့ခက် ဒီနေ့တော့ဒီလောက်ပါဘဲ။ ။

♥2024.3.20♥
ဒီနေ့ဘုရားကျောင်းကိုမနက် စစ်နာရီခွဲအရောက်စာသွားသင် ဆရာကအဖွဲ့နစ်ဖွဲ့ကိုစာရေးခိုင်းပီး
အရှေ့တက်ရှင်းပြခိုင်း သူမရှက်တဲ့ပုံနဲနဲပေါက် အသံချိုချိုလေးရှင်းပြနေတဲ့သူမ
ငါသူမကိုငေးကြည့်နေမိ နေ့လယ် 11 နာရီမာသူမမွေးနေ့ပွဲလုပ်တယ် မုန်းတေကျွေးတယ်
ညနေကျကစားတယ် သူမလည်းပါတယ် ငါရောဘဲ တစ်ခါဝင်ကစားတာ ဆုံးသွားတယ် နဲနဲနေးနေလို့
ဒီနေ့ငါသူမကိုကြည့်ရတာ တစ်ချိန်လုံး သူပျော်နေတယ်
ငါသူမနဲ့ခနခနအကြည့်ချင်းဆုံတဲ့အချိန်တေလည်း သူမအရင်လိုသိပ်စိတ်ဆီးတာမတွေ့ရတော့
ကျေနပ် နဲနဲ အားတက်သွားတာပေါ့ ။။ ။။

♥2024.9.18🤍
သူမကိုလက်လွတ်လိုက်ပီးနောက်ပိုင်း အချစ်တွေ ငါမာမရှိတော့သလိုဘဲ
သူမကိုလည်းမချစ်တော့သလိုဘယ်သူ့ကိုမတ်မချစ်တော့ဘူး တစ်နေ့ သူမတ်ငါ့ဆီပြန်လာရင်တောင်
ငါသူမကို ပြန်ချစ်နိုင်အုံးမလားမသိငါမဆုတောင်း ပါဘူး
သူမငါ့ဆီဘယ်တော့မတ်ပြန်လာမာမဟုသလို သူမကငါ့ကိုစသိတဲ့နေ့ကခုချိန်ထိမုန်းနေတာ
ဘယ်တုန်းကမငါ့ကိုချစ်ခဲ့ဖူးတာလည်းမဟုဘူး သူမကိုမချစ်တော့ပေမဲ့ မေ့လို့မရခဲ့ဘူး
ငါစခဲ့တဲ့ဆပ်လမ်းတစ်ပုတ်ဒီနေ့တော့အဆုံးသတ်ပီးလို့ထင်ပါတယ် ။။ ။။
နောက်ဆုံးပြောချင်တာကတော့ ငါကြောင့်မင်းစိတ်စင်းရဲတာမကြည့်ရဲ့လို့
ငါကမင်းအတွက်အနောက်အဆက်ဖြစ်လို့ ငါထွတ်သွားမတ် ငါမရှိမတ် မင်းပျော်ရွှင်နိုင်မယ်ထင်လို့
ငါထွတ်မသွားချင်ပေမဲ့ မင်းအရမ်းရက်စက်တယ်ဒါပေမဲ့ငါမင်းကို စိတ်မဆိုးပါဘူး
ရွေးစရာနည်းလမ်းမရှိခဲ့ဘူး ။။🤍🤍🤍The End♥♥♥

2024.11.1
ဒီနေ့မနက် 7:14 သူမကိုတွေ့လိုက်တယ် သူမကားထဲမာဘယ်သွားလည်းဆိုတော့ လှာကမြင်သို့
အလည်တစ်ခေါက် ပုံတင်တာတွေ့လိုက်တယ်

♥2025.1.1🤍
ဒီနေ့ညဘုရားကျောင်းသွားသူမကိုတော့တော့ အရမ်းပျော် သူမကိုအဝေးကနေဘဲကြည့်နေမိတယ်
ဘယ်နေရာကြည့်ကြည့် သူမကကြည့်ကောင်း ပြန်လာတော့ သူမအစ်မနဲ့
ငါ့အရှေ့မနီးမဝေးမာလမ်းဆောက်တယ်
ငါမြန်မြန်သွားရင်သူမအနားရောက်သွားမာကြောက်နေတယ် ဖြေးဖြေးသွား
သူမအနောက်လှည့်ကြည့်တော့ ငါ့ကိုမတွေ့အောင်အခြားလမ်းကပြန်လာ ဆရာအိမ်ရှေ့ရောက်တော့
ငါပြန်မဲ့လမ်းရှေ့မာ သူမခနရပ်နေတော့ ငါတစ်ရောက်ထဲပြန်မရဲ

သူမထွက်ပြန်တော့မတ်ငါလည်းမြန်မြန်ပြန်လာ ဒါပေမဲ့ ငါဆရာအိမ်ရောက်တဲ့ချိန်
သူမကလမ်းဆောက်ရင်းဖုန်းမီးနဲ့ငါ့ကိုကြည့် ငါဆိုင်ကယ်ယူပီးပြန်လာတော့မဲ့ချိန်
သူမကိုလှည့်ကြည့်တော့ အရှေ့မာဖုန်းမီးနဲ့ထိုးပီးရပ်ကြည့်နေတယ် အနောက်လှည့်ပီးတော့
ပြန်လည်းလာရော တခါးကမဖွင့်ရသေးဘူး တစ်ကားဆင်းဖွင့်တဲ့ချန် သူမအဲ့တိုင်းဘဲရပ်နေတုန်း
သူမသူငယ်ချင်းကိုဆောင့်နေတာထင်တယ် ။။ ။။

♥2025.3.9🤍🤍🤍🤍🤍🤍🤍🤍🤍🤍🤍
　　ဒီနေ့မနက်ဘာလိုလိုနဲ့ဘုရားကျောင်းသွားဖို့
စိတ်ထဲမာခနခနအတွေးထဲဝင်လာသူမကိုသတိရတာရယ်သူမျက်နာလေးမြင်ချင်တာရယ်
မတွေ့ရတာလည်းနဲနဲကြာပီးဆိုတော့ သွားဖြစ်အောင်သွားခဲ့ပါတယ် သွားတဲ့လမ်းမာလည်းတစ်လမ်း
လုံးမပျော်ရွှင်နိုင် ဟိုတွေးဒီတွေး တွေဝေနေတယ် ရောက်တော့လည်း တစ်ရောက်ထဲ အကြာကြီးသူမ
လာတဲ့အချိန်မျော်နေ လူတွေအများကြီးလာပေမဲ့သူမကိုတော့ လာတာမတွေ့သေးဘူး ဒီနေ့သူမ
မျက်နာလေးမြင်ခွင့်ရပါ့မလားတွေးရင်း တစ်ရောက်ထဲအားငယ်မိတယ် နောက်ဆုံးတော့သူမ
ရောက်လာခဲ့တယ် ဟိုသွားဒီသွားနဲ့ ခနကြာမတ် အခန်းထဲဝင်လာတယ် သူမ
မျက်နာလေးကိုအကြာကြီးစိုက်ကြည့်ချင်ခဲ့ပေမဲ့ တစ်ခါတစ်လေဘဲ သူမ မသိတဲ့ချန်
ခိုးကြည့်ဖြစ်တယ် သူမပျော်နေတဲ့ပုံကိုကြည့်ရင်း
ကျောင်းသားဘဝတုန်းကငါ့ကိုငါတောင်ပြန်သတိရလာတယ်
အရင်တုန်းကခံစားချက်တွေအရင်တိုင်းနီးပါး ပြန်ရလိုက်သလိုပါဘဲ ငါသတိထားမိတယ်
သူမနဲ့တွေ့တဲ့အချိန်တေဆို စိတ်ရောက်ကိုပါအတော်ပြောင်းလဲသွားတယ်အတွေးတေကအစ
ညနေပိုင်းလည်း ငါလာဖြစ်အောင်းလာခဲ့တယ် သူမကိုတွေ့ပေမဲ့ လှည့်မကြည့်ရဲခဲ့ဘူး
ဆုတောင်းနေတဲ့အချိန် သူမငါ့အရှေ့ကခုံဘေးမာဖုန်းအားလာသွားတယ် ပြန်တဲ့ချိန်ကျ
သူဖုန်းလာယူတဲ့ချိန် သူမကိုခနလောက်ကြည့်ဖြစ်တယ် မျက်မှန်နဲ့ အရမ်းလှနေတယ်
ကြာကြာတော့မကြည့်ရဲပါဘူး သူသိသွားမာလည်းစိတ်ပူတယ် သူမ ပြန်တဲ့အချိန် မနီးမဝေး
အနောက်မာဘဲငါလည်းပြန်လာတယ် ဘုရားကျောင်းအရှေ့မာ
သူမသူငယ်ချင်းတေနဲ့စကားပြောနေတယ် သူပြန်တဲ့ချိန်ကျမ ငါပြန်လာတယ် သူမ
ခြံရှေ့ရောက်ခါနီးအနောက်လှည့်ကြည့်တယ် ငါပြန်လာတယ် ကျောင်းရှေ့လမ်းမကြီးရောက်တော့
သူမကိုလှည့်ကြည့်သေးတယ် အရမ်းဝေးတော့သိပ်မမြင်ရ
ဒီနေ့ကတော့သူမမျက်နာလေးနောက်ဆုံးမြင်ခဲ့ရတဲ့နေ့တစ်နေ့ပေါ့။။　။။

♥2025.3.10🤍
　ဒီနေ့မူကြိုမာပန်းချီသွားဆွဲဖြစ်တယ် တစ်ရောက်ထဲ သူမကိုလည်းသတိရ ဟိုအရင်က
ငါပန်းချီဆွဲနေချိန် သူမပန်းချီထဲမာ ဒပ်ပုံရိုက်တဲ့နေရာတေကြည့်ရင်းသူမကိုအရမ်းသတိရ
ငါ့ကိုရေထဲရောက်အောင်လုပ်တာတေ ဆရာရောင်ဆုံယူခိုင်းတုံးက
သူမသူ့သူငယ်ချင်းနောက်မာပုန်းနေတာတေပြန်သတိရမိတယ် သူမပြန်မချစ်နိုင်မှန်းသိပေမဲ့
သူမကိုအရမ်းချစ်ခဲ့မိလို့ နောင်တမရပါဘူး သူမ တစ်ရောက်ထဲကိုဘဲ အမြဲတမ်းချစ်နေမာပါ
နိုင်ငံခြားသွားပီးပြန်လာတဲ့ချိန်ထိ သူမကိုဘယ်တော့မ မမေ့ဘူး။။ ။။One Day

♥2025.9.7♥
　ဒီနေ့ဘုန်းကြီးကျောင်းသွားတယ် သူငယ်ချင်းတေလည်းအရင်လိုမရှိတော့တာနဲ့
ကလေးတေနဲ့စကားတေအများကြီးပြောဖြစ်တယ်ကျွန်တော်လည်းလည်းအသက်ကြီးလာတော့
ငယ်ငယ်တုန်းကနဲ့မတူဘဲ ဘာခံစားချက်မတ်မရှိတော့သလို
အေးဆေးတည်ညိမ်တဲ့ဘဝမှာနေထိုင်ရင်း ညနေရောက်တော့ ကစိုမာ ကုတိယိုသွားဝယ်ရင်း
သူမအကြောင်းတွေးမိ ပြန်လာတော့ အဒေါ်အိမ်သွား ပီးတော့ တစ်ခြားအိမ်မာပန်းသွားယူရင်း
ခနအနားယူနေတုံး မထင်မတ်ဘဲသူမနဲ့အခြားသူငယ်ချင်းနစ်ရောက်
တစ်နေရာလိုက်သွားတာတွေ့တော့ သူမမျက်နာလေးကိုဘဲအကြာကြီးစိုက်ကြည့်နေမိတယ် ပီးတော့

သူမ ပြန်လာတဲ့ထိ ဆောင့်မျှော်နေမိတယ် သူမနဲ့ဝေးသွားပြီးနောက်ပိုင်း
ဘယ်သူ့ကိုမတ်ရင်မခုန်တာသူမကိုချစ်နေသေးလို့ဆိုတာခုမတ်သိတော့တယ်။။ ။။